# YANGON STOCK EXCHANGE

ရန်ကုန်စတော့အိတ်ချိန်းမှထုတ်ဝေသောသုံးလပတ်သတင်းလွှာ

ဇူလိုင် လ၊ ၂၀၂၅ ခုနှစ် | စာစဉ်-၁၇






- (၄) ကြိမ်မြောက် စာရင်းဝင်ကုမ္ပဏီများညီလာခံ ကျင်းပခြင်း
- “ASEAN Taxonomy for Sustainable Finance” Webinar သို့ အွန်လိုင်းမှတဆင့် တက်ရောက်ခြင်း
- ရန်ကုန်စတော့အိတ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များလာရောက်ခြင်း
- စာရင်းဝင်ကုမ္ပဏီများနှင့် မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ
- ပထမသုံးလပတ်အတွင်း စတော့ဈေးကွက်အခြေအနေများ

## (၄) ကြိမ်မြောက် စာရင်းဝင်ကုမ္ပဏီများညီလာခံကျင်းပခြင်း

(၄) ကြိမ်မြောက် စာရင်းဝင်ကုမ္ပဏီများညီလာခံကို ၂၀၂၅ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း၊ ပင်မခန်းမဆောင်၌ ကျင်းပခဲ့ပါရာ စာရင်းဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲတွင် Right Issue ထုတ်ဝေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ကိစ္စရပ်များ နှင့် Special Accounts ဆိုင်ရာမူဝါဒကျင့်ထုံးများကို ရန်ကုန်စတော့အိပ်ချိန်း တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြပြီး စာရင်းဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေး ခဲ့ကြပါသည်။






## ရန်ကုန်စတော့အိတ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များ လာရောက်ခြင်း

Guarantee International College မှ သင်တန်းသား/သူ (၁၀၂) ဦး ပါဝင်သော လေ့လာရေးအဖွဲ့များနှင့် Strategy First International College မှ သင်တန်းသား/သူ (၆၀) ဦး ပါဝင်သော လေ့လာရေးအဖွဲ့တို့သည် ၂၀၂၅ ခုနှစ်၊ မေလနှင့် ဇွန်လ များအတွင်း ရန်ကုန်စတော့အိတ်ချိန်းသို့ လေ့လာရေးခရီးများ လာရောက်ခဲ့ကြပါသည်။ အဆိုပါ ခရီးစဉ်များအတွင်း ရန်ကုန်စတော့အိတ်ချိန်းမှ လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ် ဦးမင်းသူ က “Overview of Capital Market” ခေါင်းစဉ်ဖြင့် အရင်းအနှီး ဈေးကွက်ဆိုင်ရာ သိကောင်းစရာများနှင့် စတော့ရှယ်ယာများ မည်ကဲ့သို့ ရောင်းဝယ်ကြသည်များကို ရှင်းလင်းပို့ချ အသိပညာမျှဝေပေးခဲ့ပါသည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိက ပညာရေး သင်တန်းကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို ရန်ကုန် စတော့အိပ်ချိန်းမှ လက်ခံ ဆောင်ရွက်ပေးလျက် ရှိပြီး လေ့လာရေးလာရောက်လိုပါက ရုံးချိန် အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

## “ASEAN Taxonomy For Sustainable Finance” သို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခြင်း

“ASEAN Taxonomy For Sustainable Finance Live Webinar”ကို ASEAN Taxonomy Board မှကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် Zoom App မှတစ်ဆင့် ပြုလုပ်ခဲ့ရာ ရန်ကုန်စတော့အိတ်ချိန်းမှ အကြီးတန်းအရာရှိများ အွန်လိုင်းမှတဆင့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲအတွင်း စီးပွားရေးနှင့်ဘဏ္ဍာရေး နယ်ပယ်ရှိ ကျွမ်းကျင်သူများ၊ မူဝါဒဆိုင်ရာတာဝန်ရှိသူများနှင့် ဘဏ္ဍာရေးကဏ္ဍမှ ကျွမ်းကျင်သူများက ASEAN Taxonomy Version 3 ၏ အသုံးချမှုများနှင့် အာဆီယံဒေသတွင်းကာဗွန်လျှော့ချရေး လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သည့် နောက်ဆုံးအခြေအနေများ၊ အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းများမှ ဆောင်ရွက်လျှက်ရှိသည့်ကာဗွန်ဈေးကွက်ဖော်ဆောင်ရေး အတွက်အသွင်ကူးပြောင်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

စာမျက်နှာ- ၂ သို့

## စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ ဧပြီ-မေ-ဇွန်-၂၀၂၅

**FMI**

- ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းမှုပြောင်းလဲခြင်းအားထုတ်ပြန်ကြေငြာခြင်း

**MTSH**

- လျှင်ဒဏ်ကူညီထောက်ပံ့ရေးဆောင်ရွက်ချက်များ
- နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခြင်းအားအသိပေးကြေညာခြင်း
- အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက်နှင့်၊ အမြတ် ဝေစုခံစားခွင့်မရှိသည့်ရက်အားအသိပေးကြေညာခြင်း

**MCB**

- မြေငလျင်နှင့်ပတ်သက်သောအစီရင်ခံစာအားအသိပေးကြေညာခြင်း

**FPB**

- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေငြာခြင်း

**EFR**

- ၂၀၂၅ ခုနှစ် မတ်လ တွင်ဖြစ်ပေါ်ခဲ့သောမြေငလျင်အပြီး တုံ့ပြန်လုပ်ဆောင်မှုများအသိပေးကြေညာခြင်း
- အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့်၊ အမြတ်ဝေစုခံစားခွင့်မရှိသည့် အစုရှယ်ယာဝယ်ယူသည့် ရက်တို့အား အသိပေးကြေညာခြင်း

**AMATA**

- သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည့်ရက်အားကြိုတင်အသိပေးကြေညာခြင်း
- ၂၀၂၅-မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက်စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း

**MAEX**

- ၂၀၂၅-မတ်လ ၃၁ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက်စုပေါင်း ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက် များ

**MAGDPL**

- ၂၀၂၅-မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ကြေညာခြင်း

## LISTED & REGISTERED COMPANIES UPDATES (Q1-2025-26)

■ **FMI | Jun 2025**

**ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းမှုပြောင်းလဲခြင်းအားထုတ်ပြန်ကြေငြာခြင်း**

FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ် ဇွန်လ ( ၂၇ ) ရက်နေ့တွင် (၁) အမှုဆောင်မဟုတ်သောဒုတိယဥက္ကဌ ရာထူးပြောင်းလဲခန့်အပ်ခြင်း နှင့် (၂) အမှုဆောင်ဒါရိုက်တာရာထူးများ ခန့်အပ်ခြင်း တို့အားလူထုသို့ အသိပေးကြေညာခဲ့ပါသည်။အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/7XZLU

■ **MTSH| May 2025**

**လျှင်ဒဏ်ကူညီထောက်ပံ့ရေးဆောင်ရွက်ချက်များ**

MTSH ၊ ကုမ္ပဏီလီမိတက်မှ ၂၀၂၅ခုနှစ် မေလ (၁၆) ရက်နေ့တွင် လျှင်ဒဏ်ကူညီထောက်ပံ့ရေးဆောင်ရွက်ချက်လှုပ်ရှားမှုများအားလူထုသို့အသိ ပေးကြေညာခဲ့သည်။အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/WzVZE

■ **MTSH| Jun 2025**

**နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခြင်းအားအသိပေးကြေညာခြင်း**

MTSH ကုမ္ပဏီလီမိတက်မှ ၂၀၂၅ခုနှစ် ဇွန်လ (၁၆) ရက်နေ့တွင် GCL System Integration Technology Co., Ltd နှင့် နားလည်မှုစာချွန်လွှာ (MOU) စာချုပ်ရေးထိုးခြင်းအားလူထုသို့ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/myy1h4

■ **MTSH| Jun 2025**

**အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက်နှင့်၊အမြတ်ဝေစုခံစားခွင့်မရှိသည့်ရက်အားအသိပေးကြေညာခြင်း**

MTSH ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ် ဇွန်လ (၁၆) ရက်နေ့တွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့်အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့်၊အမြတ်ဝေစုခံစားခွင့်မရှိသည့် အစုရှယ်ယာဝယ်ယူ သည့်ရက်တို့အားအစုရှယ်ယာရှင်တို့အားအသိပေးကြေညာခဲ့သည်။အသေးစိတ်ကြည့်ရှုရန်: https://rb.gy/myy1h4

■ **MCB | Jun 2025**

**မြေငလျင်နှင့်ပတ်သက်သောအစီရင်ခံစာအားအသိပေးကြေညာခြင်း**

၂၀၂၅ ခုနှစ် မတ်လ (၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှမြေငလျင်နှင့်ပတ်သက်သောအစီရင်ခံစာတစ်ရပ်အား အစုရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/gssS2

■ **FPB | Mar 2025**

**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**

FPB Bank သည် ၂၀၂၅ခုနှစ် ဇွန်လ (၂၆) ရက်နေ့တွင် ၎င်း၏ ၂၀၂၅ ခုနှစ် မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးရှင်းတမ်းများ နှင့် အခြားဘဏ္ဍာရေးဆိုင်ရာအချက်အလက်များအား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/dwHZC

■ **EFR | May 2025**

**၂၀၂၅ခုနှစ် မတ်လတွင်ဖြစ်ပေါ်ခဲ့သောမြေငလျင်အပြီးတုံ့ပြန်လုပ်ဆောင်မှုများအသိပေးကြေညာခြင်း**

၂၂၀၂၅ခုနှစ် မေလ (၁၄) ရက် နေ့တွင် ထာဝရနန္ဒီအုပ်စု ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ် ဧပြီလ (၂၈) ရက်လှုပ်ခတ်မှုအပြီး လိုအပ်သော ကူညီကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများအတွက် ဧပြီလ ၁ရက်နေ့မှစတင်၍ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့(DRT) ကို ဖွဲ့စည်းခဲ့ကြောင်းထုတ်ပြန်ချက်အား လူထုသို့ အသိပေး ကြေညာ ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/nqxg9

■ **EFR | Jun 2025**

**အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့်၊ အမြတ်ဝေစုခံစားခွင့်မရှိသည့် အစုရှယ်ယာဝယ်ယူသည့် ရက်တို့အား အသိပေးကြေညာခြင်း**

၂၀၂၅ခုနှစ်၊ ဇွန်လ (၂၀) ရက် ရက်နေ့တွင် ထာဝရနန္ဒီအုပ်စု ကုမ္ပဏီလီမိတက်မှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့်အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့်၊အမြတ်ဝေစုခံစားခွင့်မရှိသည့် အစုရှယ်ယာဝယ်ယူ သည့်ရက်တို့အား အစုရှယ်ယာရှင်တို့အားအသိပေးကြေညာခဲ့သည်။အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/PL9LH

■ **AMATA | May 2025**

**သတ္တမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကျင်းပမည့်ရက်အားကြိုတင်အသိပေးကြေညာခြင်း**

၂၀၂၅ခုနှစ် မေလ (၁၉) ရက်နေ့တွင် Amata ကုမ္ပဏီသည် သတ္တမအကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကျင်းပမည့်ရက်အားကြိုတင်အသိပေးကြေညာခြင်း ကို အစုရှယ်ယာရှင်များထံသို့ ထုတ်ပြန်အသိပေးခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/luk5U

■ **AMATA| Jun 2025**

**၂၀၂၅-မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ကြေညာခြင်း**

AMATA အုပ်စုကုမ္ပဏီသည် ၂၀၂၅-မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအား ၎င်း၏စီးပွားဖက်များနှင့်အစုရှယ်ယာရှင်များအား ၂၀၂၅ခုနှစ် ဇွန်လ (၂၇) ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/oYhxZ

■ **MAEX| Jun 2025**

၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် မြန်မာအက်ဂရိုအိပ်ချိန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မှ ၂၀၂၅-မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက်ဘဏ္ဍာရေးရှင်းတမ်းများအား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာစာထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/GgwC1

■ **MAEX| Jun 2025**

**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ**

၂၀၂၅ ခုနှစ် ဇွန်လ (၃၀) ရက်နေ့တွင် မြန်မာအက်ဂရိုအိပ်ချိန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည်၎င်း၏ စာရင်းစစ်ပြီးဘဏ္ဍာရေးရှင်း တမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက် များအား လူထုသို့ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/vhNsu

■ **MAGDPL| Jun 2025**

**၂၀၂၅-မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၇)ရက်နေ့တွင် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်မှ ၂၀၂၅-မတ်လ ၃၁ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ အား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာ စာထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/gNlv4

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ

### Continuous Trading + Block Trading (Main Board+ Pre Listing Board )


| STATISTCS AT A GLANCE | Q4-24/25 (Jan -Mar) | Q1-25/26 (Apr-Jun) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | ၆၀ | ၅၇ | (၅%) |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | ၈ | ၈ | |
| မှတ်ပုံတင်ကုမ္ပဏီအရေအတွက် | ၁ | ၁ | |
| စတော့အညွှန်းကိန်း (MYANPIX) | ၃၆၂.၉၃ | ၃၅၂.၁၆ | (၃%) |
| စတော့အညွှန်းကိန်း (PLB Index) | ၁,၇၅၀ | ၁,၄၅၄.၅၅ | (၂၀)% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (Main Board) | ၄၀၁,၇၈၅ | ၅၅၃,၈၈၇ | ၂၇% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (PLB) | ၁၉,၆၀၂ | ၅,၀၄၀ | (၂၈၉%) |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (MB+PLB)** | ၄၂၁,၃၈၇ | ၅၅၈,၉၂၇ | ၂၅% |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ (MB+PLB)** | ၇,၀၂၃ | ၉,၈၀၆ | ၂၈% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB) | ၁,၂၃၄ | ၁,၆၀၂ | ၂၃% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB) | ၆၀ | ၁၆ | (၂၇၈)% |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၁,၂၉၄ | ၁,၆၁၇ | ၂၀% |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၂၂ | ၂၈ | ၂၄% |
| **ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB+PLB)** | ၇၂၃,၂၇၉ | ၆၉၆,၄၃၂ | ၂% |

စာမျက်နှာ- ၃ သို့


# QUARTERLY STOCK PERFORMANCE (Q1- 2025-26)

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


Continuous Trading Only





**ရှယ်ယာစောင်ရေစုစုပေါင်း - ၁၂,၆၁၁,၄၈၇**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၇၉.၈၅**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၆၆၀၄၃၄၃**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၃၂.၉၄**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၄,၅၂၇,၅၅၂**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၉.၂၄**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၃,၀၁၅,၄၀၅**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၂၆.၃၀**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၂,၀၄၆,၅၈၀**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၅၉.၄၈**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၁,၇၃၉,၀၂၂**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၈၀.၃၅**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၂,၃၁၇,၈၇၂**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၅၈.၀၇**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၄,၁၂၈,၉၆၃**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၄၅.၃၈**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၃၆,၉၉၁,၂၂၄**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၂၃၁.၆၂**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၁,၈၁၁,၈၆၂**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၄.၈၀**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၁,၈၁၁,၈၆၂**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၄.၈၀**